**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center)**

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၂၀ ပြည့်နှစ် အောက်တိုဘာ လ ၂ ရက်)

**အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals) ယှဉ်ပြိုင်တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်း**

**နိဒါန်း**

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (PPP Center)သည် ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်း တစ်ခုခုက မိမိဆန္ဒအလျောက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အဆိုပြုတင်သွင်းလာသည့် စီမံကိန်း အဆိုပြုလွှာများ အား ယှဉ်ပြိုင်တင်ဒါ ခေါ်ယူရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်နိုင်ရန်အတွက် ဤလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်လိုက်သည်။

**အကျုံးဝင်မှု**

၂။ ဤလုပ်ငန်းစဉ်သည် စီမံကိန်းတန်ဖိုး ကျပ်၂,၀၀၀,၀၀၀,၀၀၀ (ကျပ်သန်းနှစ်ထောင်) ထက် ကျော်လွန်သည့် စီမံကိန်းအဆိုပြုလွှာများအတွက်သာ အကျုံးဝင်မည် ဖြစ်သည်။

**လုပ်ငန်းစဉ်များ**

၃။ အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းလာသော စီမံကိန်းတန်ဖိုး ကျပ်၂,၀၀၀,၀၀၀,၀၀၀ (ကျပ်သန်းနှစ်ထောင်)ထက် ကျော်လွန်သည့် စီမံကိန်း အဆိုပြုလွှာများ အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များနှင့် အညီ ဆောင်ရွက်ရမည်-

(က) စီမံကိန်း အဆိုပြုလွှာများကို ကနဦးစိစစ်သုံးသပ်ခြင်း

(ခ) လုပ်ငန်းစဉ်များ ခွဲခြားသတ်မှတ်ဆောင်ရွက်ခြင်း

(ဂ) အဆိုပြုလွှာလက်ခံစိစစ်မှုအတွက် အခကြေးငွေပေးသွင်းစေခြင်း

(ဃ) ဆွစ်ယှဉ်ပြိုင်ခေါ်ယူမည့် လုပ်ငန်းများအတွက် လုပ်ငန်းစဉ်များ

**စီမံကိန်း အဆိုပြုလွှာများကို ကနဦးစိစစ်သုံးသပ်ခြင်း**

၄။ အဆိုပြုတင်သွင်းလာသည့် စီမံကိန်းနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် စီမံကိန်းအဆိုပြုလွှာများကို အောက်ဖော်ပြပါ အချက်များနှင့် ပြည့်စုံကိုက်ညီမှု ရှိ-မရှိ စိစစ်သုံးသပ်ရမည်-

(က) **ငွေကြေးနိုင်မာမှု**ကို စိစစ်နိုင်ရန်အတွက် စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာ သည့် ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်း၏ ကုမ္ပဏီဖွဲ့စည်းမှု၊ ကုမ္ပဏီ မှတ်ပုံတင်၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ရှယ်ယာပါဝင်မှု စသည့် ကုမ္ပဏီဆိုင်ရာ အကြောင်းအရာများ၊ ဝင်ငွေကြေညာလွှာ၊ ရငွေနှင့် ဘဏ္ဍာရေးရှင်းတမ်း စသည့်ငွေကြေးဆိုင်ရာ အချက်အလက်များကို စိစစ်ရမည်၊

(ခ) **လုပ်ငန်းအတွေ့အကြုံနိုင်မာမှု**ကို စိစစ်နိုင်ရန်အတွက် စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်း၏ အဆိုပြုလာသည့် စီမံကိန်းနှင့် အလားတူလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ခဲ့ဖူးသည့် လုပ်ငန်းအတွေ့အကြုံဆိုင်ရာ အချက်အလက်များကို စိစစ်ရမည်၊

(ဂ) **စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များပြည့်စုံမှု**ကို စိစစ်နိုင်ရန် အတွက် တင်ပြလာသည့် စီမံကိန်းအဆိုပြုလွှာသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၂/၂၀၁၈၊ စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်၊ အခန်း (၅)၊ အပိုဒ်(၂၆)ပါ ညွှန်ကြားချက်များနှင့်အညီ ပြည့်စုံမှု ရှိ-မရှိ စိစစ်ရမည်၊

(ဃ) **မဟာဗျူဟာနှင့် လိုက်လျောညီထွေမှု**ကို စိစစ်နိုင်ရန် အဆိုပြု စီမံကိန်းသည် နိုင်ငံတော်၏ မဟာဗျူဟာမြောက် လုပ်ငန်းအစီအမံများနှင့် လိုက်လျောညီထွေမှု ရှိ-မရှိနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှု ရှိ-မရှိ တို့ကို စိစစ်ရမည်။

**လုပ်ငန်းစဉ်များ ခွဲခြားသတ်မှတ်ဆောင်ရွက်ခြင်း**

၅။ အပိုဒ် (၄)ပါ လုပ်ငန်းစဉ် နှင့်အညီ ကနဦး စိစစ်သုံးသပ်ပြီးသည့် စီမံကိန်း အဆိုပြုလွှာများကို စိစစ်သုံးသပ်မှုရလဒ်များအရ အောက်ပါအတိုင်း လုပ်ငန်းစဉ်များ ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ရမည်-

(က) စီမံကိန်းအဆိုပြုလွှာ ငြင်းပယ်ခြင်း

(၁) စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်း၏ ကုမ္ပဏီဆိုင်ရာ အချက်အလက်များအားနည်းခြင်းနှင့် ဆောင်ရွက်မည့် လုပ်ငန်း နယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မည်ဟု စိစစ်ရေးအဖွဲ့က ယုံကြည် ချက် မရှိခြင်း၊

(၂) တင်သွင်းလာသည့် အဆိုပြုစီမံကိန်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ နိုင်ငံတော်အဆင့် ရေးဆွဲ ထားသည့် ကဏ္ဍအလိုက် ပင်မစီမံကိန်းများ၊ နိုင်ငံတော်မှ ဆောင်ရွက်နေသည့် အခြားမဟာဗျူဟာမြောက် လုပ်ငန်းအစီအမံများနှင့် ကိုက်ညီမှုမရှိခြင်း၊ ဆက်စပ် အကျိုးဖြစ်ထွန်းနိုင်မှု နည်းပါးခြင်း၊ အဆိုပြုစီမံကိန်းသည် စီးပွားရေးအရ တွက်ခြေကိုက်မှု နည်းပါးခြင်းနှင့် အဆိုပြုစီမံကိန်းကိုယ်တိုင် ခိုင်မာမှုမရှိခြင်း (လုပ်ငန်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ဥပဒေအရတို့တွင်)တို့ တွေ့ရှိရပါက ယင်းစီမံကိန်း အဆိုပြုလွှာကို လုံးဝ ငြင်းပယ်ရမည်။

(ခ) စီမံကိန်းအဆိုပြုလွှာ ပြန်လည်ပြင်ဆင်တင်သွင်းစေခြင်း

(၁) စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/ အဖွဲ့အစည်း၏ ကုမ္ပဏီဆိုင်ရာ အချက်အလက်များ ခိုင်မာအားကောင်းခြင်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည် နိုင်ခြင်း၊ တင်သွင်းလာသည့် အဆိုပြုစီမံကိန်းသည် လုပ်ငန်းဆိုင်ရာ၊ ဘဏ္ဍာရေး ဆိုင်ရာ နှင့် ဥပဒေအရ ဖြစ်မြောက်နိုင်စွမ်းရှိခြင်း၊ အလားအလာရှိသော်လည်း အဆုံးအဖြတ်ပြုရန် လုံလောက်သော သတင်းအချက်အလက် မပါရှိခြင်းတို့ တွေ့ရှိရပါက ယင်းအဆိုပြုလွှာကို ပြန်လည်ပြင်ဆင်တင်ပြခွင့်ပြု၍ ဤလုပ်ထုံး လုပ်နည်းပါ အပိုဒ် (၄) အရ ပြန်လည်စိစစ်သုံးသပ်ရမည်၊

(၂) စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/ အဖွဲ့အစည်းသည် ကုမ္ပဏီဆိုင်ရာ အချက်အလက်များအရလည်းကောင်း၊ လုပ်ငန်းနယ်ပယ် အတွေ့ အကြုံအရလည်းကောင်း ခိုင်မာအားကောင်းမှုရှိပြီး၊ အဆိုပြုစီမံကိန်း သည် ကနဦး အကဲဖြတ်မှုအရ နိုင်ငံတော်အတွက် အရေးပါသည့် လုပ်ငန်း စီမံကိန်းဖြစ်လျှင် ယင်းစီမံကိန်း၏ ဘဏ္ဍာရေးဆိုင်ရာ စီမံချက်များ၊ စီးပွားရေး

အရ လုပ်ငန်းလည်ပတ်မှု အစီအမံများ၊ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ ပြုစုရေးဆွဲရမည်၊

(၃) ယင်းသို့ ရေးဆွဲနိုင်ရန် အဆိုပြုစီမံကိန်းနှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိက ကုမ္ပဏီ/အဖွဲ့အစည်းတို့အကြား Project Development Agreement ရေးထိုးထားရန် လိုအပ်ပြီး၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း (သို့မဟုတ်) စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်းမှ ဆက်လက်တာဝန်ယူပြုစုရမည်။ ယင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို ဆွစ်ယှဉ်ပြိုင်တင်ဒါ (သို့မဟုတ်) တင်ဒါ အောင်မြင်သူမှ ပြန်လည်ပေးချေရမည် (သို့မဟုတ်) သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းမှ ကျခံနိုင်သည်၊

(၄) စီမံကိန်းလုပ်ငန်းဆိုင်ရာ ဘဏ္ဍာရေး၊ စီးပွားရေး သတင်းအချက်အလက်များ ရေးဆွဲပြုစုပြီးပါက ယင်းအဆိုပြုလွှာကို ပြန်လည်ပြင်ဆင် တင်ပြခွင့်ပြု၍ အပိုဒ် (၄) အရ ပြန်လည်စိစစ်သုံးသပ်ရမည်။

(ဂ) တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်ခြင်း

(၁) ခြွင်းချက်အနေနှင့် စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်းသည် ထူးခြားစွာ ကောင်းမွန်သော အမည်ဂုဏ်သတင်းရှိမှု၊ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းနယ်ပယ်တွင် နိုင်ငံတကာ အတွေ့အကြုံရှိမှု စသည့် အရည်အသွေးကောင်းများနှင့် ပြည့်စုံသူဖြစ်လျှင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်နိုင်သည်၊

(၂) ဤတိုက်ရိုက်ညှိနှိုင်းထားသည့် စီမံကိန်းအဆိုပြုချက်ကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြ၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ ခွင့်ပြုချက် ရယူရမည်။

(ဃ) တင်ဒါခေါ်ယူခြင်း

(၁) စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်း ၏ ကုမ္ပဏီဆိုင်ရာ အချက်အလက်များအားနည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မည်ဟု စိစစ်ရေးအဖွဲ့က ယုံကြည်ချက် မရှိသော်လည်း တင်သွင်းလာသည့် အဆိုပြုစီမံကိန်းသည် သင့်လျော်မှုရှိခြင်း၊ နိုင်ငံတော်မှ ဆောင်ရွက်နေသည့် အခြားသော မဟာဗျူဟာ

မြောက် လုပ်ငန်းအစီအမံများနှင့် ဆက်စပ်အကျိုးဖြစ်ထွန်းနိုင်မှု သေချာမှုရှိခြင်း နှင့် အဆိုပြုစီမံကိန်း ကိုယ်တိုင်ခိုင်မာမှုရှိခြင်းတို့ တွေ့ရှိရပါက ယင်းအဆို ပြုလွှာကို တင်ဒါခေါ်ယူ၍ တင်ဒါယှဉ်ပြိုင်ဆောင်ရွက်ရမည်၊

(၂) တင်ဒါခေါ်ယူခြင်းအတွက် နိုင်ငံတော်မှ ထုတ်ပြန်ထားသော သက်ဆိုင်ရာ တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်၊

(၃) တင်ဒါခေါ်ယူခြင်းအတွက်အပိုဒ် (၇)၊ (၈)နှင့် (၉)တို့အရ ဆက်လက် ဆောင်ရွက် ရမည်။

(င) ဆွစ်ယှဉ်ပြိုင်တင်ဒါခေါ်ယူခြင်း

(၁) စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/အဖွဲ့အစည်း၏ ကုမ္ပဏီဆိုင်ရာ အချက်အလက်များ ခိုင်မာအားကောင်းခြင်းနှင့် ဆောင်ရွက် မည့် လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည် နိုင်ခြင်း၊

(၂) တင်သွင်းလာသည့် အဆိုပြုစီမံကိန်းသည် အားနည်းသော်လည်း နိုင်ငံတော် အတွက် အရေးပါသည့်လုပ်ငန်းဖြစ်လျှင် လုပ်ငန်းစီမံကိန်း ဖော်ဆောင်ရေး အတွက် လုံလောက်သော လေ့လာဆန်းစစ်မှုများ၊ ယင်းစီမံကိန်း၏ ဘဏ္ဍာရေး ဆိုင်ရာစီမံချက်များ၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းလည်ပတ်မှု အစီအမံများ၊ စီမံကိန်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ အခိုင်အမာပြုစု ရေးဆွဲပြီး ဖြစ်ခြင်းတို့နှင့် ပြည့်စုံပါက ယင်းအဆိုပြုလွှာကို ဆွစ်ယှဉ်ပြိုင်တင်ဒါ ခေါ်ယူ ဆောင်ရွက်ရမည်၊

(၃) ဤကိစ္စရပ်တွင် အဆိုပြုလုပ်ငန်းစီမံကိန်းသည် ကျပ် သန်း(၂,၀၀၀) ထက် ကျော်လွန်သည့် လုပ်ငန်းဖြစ်ပါက PPP Center ၏ အကြံဉာဏ်ကို ရယူ၍ စီမံကိန်းဘဏ်၏ အတည်ပြုချက် ရယူရမည်၊

(၄) ဆွစ်ယှဉ်ပြိုင်တင်ဒါခေါ်ယူခြင်းကို အပိုဒ် (၇)၊ (၈)၊ (၉) နှင့် (၁၀) တို့အရ ဆက်လက်ဆောင်ရွက်ရမည်။

၆။ အဆိုပြုစီမံကိန်းနှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် အပိုဒ်(၅)ပါ အခြေအနေ တစ်ရပ်ရပ်ကို စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/ အဖွဲ့ အစည်းသို့ ဆက်သွယ်၍ အကြောင်းပြန်ကြားရမည်။

**အဆိုပြုလွှာလက်ခံစိစစ်မှုအတွက် အခကြေးငွေပေးသွင်းစေခြင်း**

၇။ အဆိုပြုစီမံကိန်းနှင့်သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းက အပိုဒ် (၄)အရ ကနဦး စိစစ်သုံးသပ်ပြီးနောက် အပိုဒ် (၅) အရ တင်ဒါ (သို့မဟုတ်) ဆွစ်ယှဉ်ပြိုင် တင်ဒါခေါ်ယူ ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအဆိုပြုလွှာ တင်သွင်းသည့် ပုဂ္ဂလိကကုမ္ပဏီ/ အဖွဲ့အစည်းသည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ စီမံကိန်းအဆိုပြုလွှာ လက်ခံစိစစ်မှုအတွက် အခကြေးငွေကျပ် ၅,၀၀၀,၀၀၀ (သိန်းငါးဆယ်) ပေးသွင်းရမည်။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက အဆိုပြုစီမံကိန်း တင်ဒါခေါ်ယူမှု (သို့မဟုတ်) ဆွစ်ယှဉ်ပြိုင် တင်ဒါခေါ်ယူရန်အတွက် စီမံကိန်း ပြင်ဆင်မှု (Project Preparation) ဆောင်ရွက်ရာတွင် အကြံပေးငှားရမ်းမှုအတွက် အသုံးစရိတ်များကို မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းပါ လုပ်ထုံးလုပ်နည်းများနှင့် အညီလျာထားဆောင်ရွက်ရမည်။

၈။ အပိုဒ် (၇) ပါ သတ်မှတ်နှုန်းထားအတိုင်း အပြည့်အဝ ပေးသွင်းထားခြင်း မရှိသည့် စီမံကိန်းအဆိုပြုလွှာများကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက လက်ခံစဉ်းစားခြင်း မပြုရ။

၉။ အပိုဒ် (၇) ပါ သတ်မှတ်နှုန်းထားအတိုင်း အပြည့်အဝ လက်ခံရရှိပြီး ဖြစ်ပါက အဆိုပြုစီမံကိန်းအား တင်ဒါ(သို့မဟုတ်)ဆွစ်ယှဉ်ပြိုင်တင်ဒါ ခေါ်ယူရန်အတွက် လိုအပ်သော လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းက စီမံကိန်းအဆိုပြုလွှာ တင်သွင်းလာသည့် ပုဂ္ဂလိကကုမ္ပဏီ/ အဖွဲ့အစည်းများသို့ စာဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ အကြောင်းကြားရမည်။

**ဆွစ်ယှဉ်ပြိုင်ခေါ်ယူမည့် လုပ်ငန်းများအတွက် လုပ်ငန်းစဉ်များ**

၁၀။ ဆွစ်ယှဉ်ပြိုင်တင်ဒါ ယှဉ်ပြိုင်နိုင်ရန်အတွက် လုပ်ငန်းကိစ္စရပ် (Business Case)နှင့် တင်ဒါအဆိုပြုလွှာ တောင်းခံခြင်းကို စတင်ဆောင်ရွက်သည့် အချိန်မှစ၍ အမြန်ဆုံး ပြီးပြတ်အောင်ဆောင်ရွက်ရမည်။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဆွစ်ယှဉ်ပြိုင်တင်ဒါခေါ်ယူမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သတင်းစာမှတစ်ဆင့် EOI ကြော်ငြာခေါ်ယူခြင်း

(၁) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဆွစ်ယှဉ်ပြိုင်တင်ဒါ ယှဉ်ပြိုင်ရန် စိတ်ဝင်စားသည့် ပုဂ္ဂလိက ကုမ္ပဏီ/ အဖွဲ့အစည်းများက EOI တင်သွင်းနိုင်ရန်အတွက် EOI တင်သွင်းရမည့် နောက်ဆုံးရက်ကို ရှင်းလင်းစွာ ဖော်ပြ၍ သတင်းစာမှ တစ်ဆင့် ကြော်ငြာ

ခေါ်ယူရမည်။ ပဏာမရွေးချယ်မှုပြုရန် ရွေးချယ်မှု စံ သတ်မှတ်ချက်များကို ပြုစုထားရှိရမည်။

(ခ) ပဏာမအဆင့်စိစစ်ရွေးချယ်ခြင်း

(၁) ပဏာမအဆင့်စိစစ်ရွေးချယ်ရာတွင် EOI ၌ဖော်ပြထားသော အချက်အလက်များ အနက် ဘဏ္ဍာရေးနှင့်လုပ်ငန်းနယ်ပယ်အလိုက် နည်းပညာ အတွေ့အကြုံ စံ သတ်မှတ်ချက်များတွင် အခြေခံ၍ စိစစ် ရွေးချယ် ရမည်။

(ဂ) ထုတ်ဖော်ပြောဆိုမှုမပြုရန် သဘောတူညီချက်ရယူခြင်း (Non-Disclosure Agreement)

(၁) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သည် ဆွစ်ယှဉ်ပြိုင်တင်ဒါ ယှဉ်ပြိုင်ရန် စိတ်ဝင်စားသည့် ပုဂ္ဂလိက ကုမ္ပဏီ/ အဖွဲ့အစည်းထံမှ ၎င်းတို့သာ သိစေအပ်သည့် တင်ဒါခေါ်ယူမှုနှင့် စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များကို အခြားလူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်း သို့ ထုတ်ဖော်ပြောဆိုခြင်း မပြုရန် သဘောတူညီချက် (Non-Disclosure Agreement) ကို ရယူရမည်၊

(၂) ထုတ်ဖော်ပြောဆိုမှု မပြုရန် သဘောတူညီချက် (Non-Disclosure Agreement) တွင် သက်ဆိုင်ရာ ပုဂ္ဂလိက ကုမ္ပဏီ/အဖွဲ့အစည်း၏ တာဝန်ရှိပုဂ္ဂိုလ် တစ်ဦးက လက်မှတ်ရေးထိုး ပြီးစီးမှသာ တင်ဒါအဆိုပြုလွှာ တောင်းခံသည့်စာ ထုတ်ပေး ရမည်၊

(၃) ယင်းသို့ အခြားပုဂ္ဂလိကအဖွဲ့အစည်းများမှ စီမံကိန်း အဆိုပြုလွှာများ အပြိုင် တင်သွင်းရန် တောင်းခံရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် မူလအဆိုရှင် ပုဂ္ဂလိကကုမ္ပဏီ/ အဖွဲ့အစည်း၏ ဉာဏပစ္စည်း မူပိုင်ခွင့်ကို ထိခိုက်မှု မရှိစေရန် သတိပြုဆောင်ရွက်ရမည်။

(ဃ) တင်ဒါအဆိုပြုလွှာ တောင်းခံခြင်းနှင့် စိစစ်ရွေးချယ်ခြင်း

(၁) ဆွစ်ယှဉ်ပြိုင်တင်ဒါများအတွက် တင်ဒါအဆိုပြုလွှာ တောင်းခံခြင်းနှင့် စိစစ် ရွေးချယ်ခြင်းလုပ်ငန်းစဉ်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်

သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၂/၂၀၁၈၊ စီမံကိန်းဘဏ္ဍာဆိုင်ရာ ညွှန်ကြားချက်၊ အခန်း(၅)၊ အပိုဒ်(၂၆) နှင့် အပိုဒ်(၂၇) ပါ ညွှန်ကြားချက်များနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်။

စိုးဝင်း

ဥက္ကဋ္ဌ

စာအမှတ်၊ PPP Center/ မူဝါဒ / ၁ (၀၀၁ / ၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စု ရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စု ရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်/ရန်ကုန်/မန္တလေးစည်ပင်သာယာရေးကော်မတီများ

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံ ပြန်တမ်းတွင် |
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ထည့်သွင်းကြေညာပေးပါရန် |

အမိန့်အရ

ဆက်အောင်

(အတွင်းရေးမှူး)